# COVID-19 ဆိုင်ရာ နောက်ဆုံးထုတ်ပြန်ထားသော အကြံပြုချက်များ

NSW Health သည် စာသင်ကျောင်းများအတွက် COVID-19 ဆိုင်ရာ အကြံပြုချက်အသစ်များကို ၂၀၂၀ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ဤထုတ်ပြန်ချက်သည် ကျွန်ုပ်တို့၏ စာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားမှုနည်းလမ်းကို ပြောင်းလဲစေပါသည်။

1. တုပ်ကွေးကဲ့သို့ ရောဂါလက္ခဏာများဖြင့် ဖျားနာနေသော ကလေးများသည် ရောဂါလက္ခဏာမပြေးထန်လျှင်ပင် အိမ်တွင်သာ နေသင့်ပါသည်။ ကျောင်းရောက်မှ ဖျားနာသော ကလေးများကို ဖျားနာဆောင်တွင် ထားရှိမည်ဖြစ်ပြီး ၎င်းတို့ကို လာရောက်ခေါ်ဆောင်ရန် အစီအစဉ်များ ပြုလုပ်ရပါမည်။
    - ကျန်းမာရေးမကောင်းသူ သို့မဟုတ် မပြင်းထန်သော်လည်း တုပ်ကွေးကဲ့သို့ ရောဂါလက္ခဏာများရှိသူကို ၎င်းတို့၏ ဒေသဆိုင်ရာ ဆရာဝန် သို့မဟုတ် COVID-19 ဆေးခန်းများ ထဲမှတစ်ခုခုတွင် စစ်ဆေးမှုခံယူရေး စီစဉ်ရန် ကျောင်းများက တိုက်တွန်းအားပေးဖို့ NSW ကျန်းမာရေးဌာနက တောင်းဆိုထားပါသည်။
    - တုပ်ကွေးကဲ့သို့ရောဂါလက္ခဏာများရှိသော ကျောင်းသားများနှင့် ဝန်ထမ်းများသည် ကျောင်းသို့ပြန်လည်တက်ရောက်ခွင့်မပြုမီ COVID-19 ရောဂါမရှိကြောင်း ဆေးစစ်ချက်အဖြေ မိတ္တူတစ်စောင် တင်ပြရန် လိုအပ်ပါသည်။
2. ဖြစ်နိုင်လျှင်၊ အနီးကပ်ထိတွေ့မှုများကို ကန့်သတ်ရန် ကျောင်းသားများသည် ကျောင်းတွင်းပညာသင်ယူရေးလုပ်ရှားမှု အားလုံးအတွက် ၎င်းတို့၏ အုပ်စုအတွင်း (ဆိုလိုသည်မှာ - စာသင်ခန်း၊ နှစ်အလိုက် သို့မဟုတ် အဆင့်အလိုက်) တွင် နေထိုင်ရပါမည်။
3. မလိုအပ်ဘဲ ကျောင်းသို့ လာရောက်မှုများကို  ခွင့်မပြုရပါ။ သင်သည် ကျောင်းတွင် ဆရာတစ်ယောက် သို့မဟုတ် ဝန်ထမ်းတစ်ဦးကို စကားပြောလိုလျှင် ကျောင်းသို့ဖုန်းခေါ်ပြီး ချိန်းဆိုမှု ပြုလုပ် ရ ပါသည်။ ထိုချိန်းဆိုမှုသည် ဖုန်းဖြင့် သို့မဟုတ် ဗီဒီယိုမှတစ်ဆင့်တွေ့ဆုံမှု ဖြစ်လိမ့်မည်။
4. ကျောင်းများအကြားလှုပ်ရှားမှုများကို ဒေသခံ အသိုက်အဝန်း သို့မဟုတ် သတ်မှတ်နယ်မြေအတွင်း ဆောင်ရွက်ရမည်။ ကျောင်းနှစ်ကျောင်းထက်ပို၍ ပါဝင်ပြီး လူစုလူဝေးကြီးကြီးမားမားဖြင့် ဆောင်ရွက်ရသော ကျောင်းအားကစားပွဲများ သို့မဟုတ် အလားတူလှုပ်ရှားမှုများကို ခွင့်မပြုပါ။

5 အုပ်စုလိုက် သီချင်းဆိုခြင်း (ဓမ္မတေးသီကျူးခြင်း) နှင့်/သို့မဟုတ် အခြားသော သံပြိုင်ရွတ်ဆိုရသည့် လှုပ်ရှားမှုများနှင့် အဖွဲ့လိုက် လေမှုတ်တူရိယာအသုံးပြုခြင်းတို့ကို ခွင့်မပြုပါ။ အထက်တန်းပြီးဆုံးကြောင်းလက်မှတ် (Higher School Certificate (HSC)) ရ ကျောင်းသားများအတွက် အထူးအစီအစဉ်များ ဆောင်ရွက်ထားပြီး ဖြစ်သည်။

6 HSC ဘာသာရပ်များပြီးဆုံးသည့် Year 11 နှင့် Year 12 ကျောင်းသားများသည် အခြားကျောင်းများတွင်သာ ရရှိနိုင်သော ဘာသာရပ်များနှင့်သက်ဆိုင်သည့် အတန်းများ/လှုပ်ရှားမှုများကို ဆက်လက်တက်ရောက်နိုင်ပါသည်။ (HSC) ဘာသာရပ်တစ်ခုမပြီးဆုံးသည့် Year 11 ကျောင်းသားများအပါအဝင် အခြားကျောင်းသားအားလုံးသည် သင်တန်းကာလ-၃ (Term 3) ၏ ကျန်ရှိသည့်အပိုင်းအတွက် အခြားကျောင်းများတွင် မတက်ရောက်ရပါ။ နည်းပညာနှင့် ပညာဆက်လက်ယူသင်ခြင်း (TAFE) နှင့် အသက်မွေးဝမ်းကျောင်းပညာရေးနှင့် လေ့ကျင့်ရေး (VET) အစီအစဉ်များကို ဆက်လက် ဆောင်ရွက်နိုင်ပါသည်။

၂၀ ၂၁ ခုနှစ်အတွက် မူလတန်းကြိုကျောင်း ဦးစားပေး အစီအစဉ်များကို ဆက်လက် ဆိုင်းငံ့ထား သော်လည်း ဌာန၏ ဝဘ်ဆိုက် (department's website) မှတစ်ဆင့် အသုံးဝင်မည့် အကြံပြုချက် များကို ရရှိနိုင်ပါသည်။ ဤအကြံပြုချက်များသည် ကျောင်းသားများ မူလတန်းကြိုကျောင်းသို့ ပြောင်းရွှေ့ရာတွင် တက်ကြွပြီး စိတ်ပါဝင်စားမှု ရှိစေရန် ကူညီပေးပါလိမ့်မည်။

ပြောင်းလဲမှုများနှင့်ပတ်သက်ပြီး ပိုမိုသိရှိလိုပါက သင်၏ကျောင်းနှင့် ချိန်းဆိုမှု ပြုလုပ်ပါ။

## တယ်လီဖုန်းစကားပြန်ဝန်ဆောင်မှု

ပိုမိုသိရှိလိုလျှင် သင့်ကျောင်းမှ ကျောင်းအုပ်ကြီးထံ ဖုန်းခေါ်ဆိုပါ။ စုံစမ်းမှုအတွက် စကားပြန်လိုအပ်လျှင် တယ်လီဖုန်းစကားပြန်ဝန်ဆောင်မှု 131 450 သို့ ခေါ်ဆိုပြီး သင်၏ဘာသာစကားဖြင့် စကားပြန်တစ်ယောက် တောင်းခံပါ။ ဤဝန်ဆောင်မှု အတွက် အခကြေးငွေပေးရန်မလိုပါ။